


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# အင်္ဂါလေးချက်နှင့်ညီရင် ဒုတိယဘဝမှာကိစ္စပြီးတယ်

(အကြွေး နဲ့ လက်ငင်း)

၇၅

ဟောကြားသည့်နေ့

၂ - ၉ - ၅၈

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# အင်္ဂါလေးချက်နဲ့ညီရင် ဒုတိယဘဝမှာကိစ္စပြီးတယ်

## (အကြွေးနဲ့လက်ငင်း)



(၂-၉-၅၈)

စာမူခွင့်ပြုချက် အမှတ် - ၇၁၀/၉၉ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၁/၉၉ (၁၂)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၅၀၀၀
ခုနှစ် - ၁၉၉၉ ခု၊ ဒီဇင်ဘာလ
တန်ဖိုး - (    )

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုက်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# အင်္ဂါလေးချက်နဲ့ညီရင် ဒုတိယဘဝမှာ ကိစ္စပြီးတယ် (အကြွေးနဲ့လက်ငင်း)

(၂-၉-၅၈)

ဒကာဒကာမတို့ တရားလည်း နာကြတယ် တရားလဲ မှတ်ကြတယ်၊ ညစဉ်ညတိုင်းလဲ လာကြတယ်၊ အဲဒီကျေးဇူးကြီးကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ လေးသင်္ချေနဲ့ ကမ္ဘာ တစ်သိန်းပတ်လုံး ဆည်းပူးလာတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ တရားနာတဲ့ပုဂ္ဂိုလ်၊ တရားတော်ကို ကြည်ညိုနေတဲ့ပုဂ္ဂိုလ်၊ တရား နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ် တရားတော်ကို နာလိုက်သဖြင့်ငါ၊ ငါ့ဥစ္စာ မရှိဘူးဆိုတာသိတဲ့ ပုဂ္ဂိုလ်ဟာ ဒီဘဝမှာ အလုပ်လုပ်တဲ့ ကိစ္စမပြီး တောင် ဒုတိယဘဝမှာ အသေအချာပြီးတယ်ဆိုတာ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက သဗ္ဗညုတဉာဏ်နဲ့ကြည့်ပြီး ဆုံးဖြတ် ချက်ချထားတာ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာလာတယ်လို့ ဦးလှဘူးတို့ ဒကာသိုက်တို့မှတ်ရမယ်. . . (မှန်လှပါဘုရား)။

၂

ဒီဘဝအားတော့ ထုတ်တာပါပဲတဲ့၊ ဒုက္ခအဆုံးကို မရောက်ဘူး၊ ဒုက္ခလေးတွေမြင်ရုံနဲ့ပဲ စုတေမနေကွယ်လွန်ပြီးသွား သဖြင့်ဘယ်လိုများဖြစ်မတုံးလို့ ဘုရားက သဗ္ဗညုတဉာဏ်နဲ့ ကြည့် တဲ့အခါ ဩော်- ကိစ္စမရှိဘူးဆိုပြီးသကာလ ဒုတိယဘဝကိစ္စပြီး နိုင်တဲ့အကြောင်းကို သဗ္ဗညုတဉာဏ်နဲ့ကြည့်ပြီးသကာလ တာဝန်ခံသောကြောင့် အားလုံးသော ဒကာဒကာမတွေနာလဲ နာကြပါ၊ နှလုံးလဲသွင်းကြပါ၊ ဒိဋ္ဌိက္ခာအောင်လဲလုပ်ပါ။

ဒီလိုဆိုလို့ရှိရင်ဖြင့် ဒီဘဝကိစ္စမပြီးလဲ၊ ဒုတိယဘဝကိစ္စ ပြီးတယ်၊ ဒီဘဝကိစ္စပြီးလို့ရှိရင်လဲ အတိုင်းထက်အလွန်ကောင်း တယ်လို့မှတ်ပါ၊ (မှန်ပါ့)

ဒါကြောင့်လေးခုကို ပြမယ်ဆိုပြီးသကာလ၊ ရှေ့မှာလေးခု ပြမယ်နော်၊ အားမလျှော့နဲ့လို့ တိုက်တွန်းလိုက်ပါတယ်နော်။

သောတာနုဂတာဏံဘိက္ခဝေ-နားထဲမှာ ဘုန်းကြီးက၊ စိတ်ဟာအနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲ၊ ဒကာသိုက်တို့ကြားနေ ရတယ်။

ဝေဒနာဟာ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဆိုတာ နားထဲမှာ ကြားနေရတယ်၊ နေ့တိုင်းအစဉ်ပဲကြားနေရတယ်၊ (ကြားပါတယ် ဘုရား) ကြားတော့ ပါးစပ်ထဲမှာ ဩော် - စိတ်ဟာလဲ အနိစ္စပဲ၊

ဒုက္ခပဲ၊ အနတ္တပဲ၊ ဝေဒနာလဲ၊ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲလို့ ပါးစပ်ထဲလဲရနေကြတယ်။

နှလုံးသွင်းလိုက်တဲ့အခါကျလို့ရှိရင် ဝေဒနာလေးတွေ၊ စိတ်ကလေးတွေပေါ်လာတဲ့အခါ၊ ဖျတ်ဖျတ်၊ ဖျတ်ဖျတ်နဲ့ပေါ်လာပြီးပျက်ပျက်သွားတာပဲ၊ ပေါ်လာပြီး ပျောက်ပျက်သွားတာပဲ၊ ဆိုတာကလေးကိုလဲ၊ ဒကာဒကာမတွေက နှလုံးသွင်းလိုက်တော့၊ သိတယ်၊ (မှန်ပါ့)။

ဒါဖြင့်နားထဲလဲ အနိစ္စ ဒုက္ခ အနတ္တ ကြားသေးတယ် ပေါ့ဗျာ၊ နှုတ်ထဲလဲရတယ်ပေါ့ဗျာ၊ နှလုံးသွင်းတဲ့ အခါဆိုလို့ရှိရင်၊ ဒါအနိစ္စပဲ၊ ဒါဒုက္ခပဲ၊ ဒါအနတ္တပဲ ကိုယ့်စိတ်ကိုယ်ရှု၊ အဲဒါနှလုံးသွင်းကြတာပဲ၊ နှလုံးသွင်းတဲ့အတွက်၊ ဒိဋ္ဌိဝိစိကိစ္ဆာကတော့ကွာနေတယ်။

ဒိဋ္ဌိကလဲဘယ်လိုကွာနေသလဲဆိုလို့ရှိရင်၊ ဝေဒနာကိုသာရှုနေပါ၊ ဒကာသိုက်တို့ ဝိညာဏပစ္စယာနာမရူပံလို့မလာဘူးလား၊ (လာပါတယ်) ဝိညာဏ်ကြောင့် ဘာဖြစ်သလဲ (နာမ်ရုပ်ဖြစ်ပါတယ်)။

ဒီမှာပုဂ္ဂိုလ်သတ္တဝါများပါသေးသလား (မပါပါ) ဝိညာဏ်နဲ့ နာမ်ရုပ်ပဲ၊ (မှန်ပါ့) ဝိညာဏ်ကြောင့် သဠာယတနဆိုတာမဖြစ်

လား (ဖြစ်ပါတယ်) အင်းသူ့အထဲပုဂ္ဂိုလ်သတ္တဝါပါသေးသလား (မပါပါဘုရား)။

အင်းဒီလိုဆို ဒိဋ္ဌိကတော့ကွာနေပြီ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး လို့ဆုံးဖြတ်ချက်ချနိုင်ကတည်းက ဒိဋ္ဌိကလဲကွာပြီးသကာလ နေတော့ . . .

## အင်္ဂါလေးချက်

တစ် - နံပါတ်နားထဲမှာလဲ အနိစ္စဒုက္ခအနတ္တရောက်ကြပြီ၊

နှစ် - နံပါတ်ပါးစပ်ထဲမှာလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တရောက်ကြပြီ၊

သုံး - နံပါတ်အနိစ္စကိုလဲ နှလုံးသွင်းကြပြီ၊

လေး - နံပါတ်ဆိုတော့ဒါတွေဟာလဲ အနိစ္စတွေပဲ၊ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူးဆိုတာလဲသိကြပြီ၊

အဲဒီကဲ့သို့ ဒကာဒကာမတွေဒီ ၄ -ချက်နဲ့ညီပြီး သကာလ နားထဲကြားဖူးတာရယ်၊ ပါးစပ်ထဲကရွတ်ဆိုနိုင်တာရယ်၊ နှလုံးသွင်းဖူးတာရယ် ဖြစ်ပျက်ကလေးတွေမြင်လို့ ဒိဋ္ဌိကွာတာရယ်ဆို တော့ လေးခုမရဘူးလား (ရပါတယ်)။

အဲဒီတော့ လေးခုကွာပြီးသကာလ၊ ကောင်းပြီဖြစ်ပျက် တော့မြင်ပါရဲ့ ဖြစ်ပျက်တော့ မုန်းပါရဲ့သို့သော် သေခြင်းက အရင်ဦးသွားတာနဲ့ ဖြစ်ပျက်အဆုံးကို မရောက်လိုက်ပဲနဲ့ သေ

သွားမယ် (မှန်ပ့ါ) အဲဒီလို ပုဂ္ဂိုလ်မျိုးကို ၁ - နံပါတ်ပုဂ္ဂိုလ်လို့ မှတ်ထားလိုက်စမ်းပါ၊

အင်းဖြစ်ပျက်တွေတော့မြင်ရဲ့၊ ဖြစ်ပျက်တွေကဖြင့်၊ မုန်းတာနဲ့ ဆုံးတာ၊ ပြောခဲ့တဲ့အင်္ဂါတွေနဲ့ ညီညွတ်ပြီးသကာလ၊ ဖြစ်ပျက်အဆုံး ဒုက္ခဆုံးတာကိုတော့ မဂ္ဂင်ရှစ်ပါးနဲ့မမြင်ပဲနဲ့ သေသွားမယ်၊ သေသွားလဲအားလုံးပဲ ဒကာ ဒကာမတို့ဘုရားက တာဝန်ခံလိုက်တယ်၊ တစ်ခုခုသောနတ်ပြည်ဖြစ်မှာပဲဟော့၊ (မှန်ပ့ါ ဘုရား)။

တစ်ခုခုသောနတ်ပြည်မှာဖြစ်မှာပဲ၊ နတ်ပြည်ခြောက်ထပ်က တစ်ထပ်ထပ်တော့ဖြစ်မှာပဲလို့ ဆုံးဖြတ်ချက်ချလိုက်၊ သဘောကျပလား . . . (ကျပါပြီ)။

နားထဲမှာ ခင်ဗျားတို့အနိစ္စ ဒုက္ခ အနတ္တနာရတယ်မဟုတ်လား၊ ကိုယ်တိုင်လဲရတယ်မဟုတ်လား၊ နှလုံးသွင်းဖူးတယ်မဟုတ်လား (မှန်ပ့ါ) အဲဒီမှာ ငါ့သူတစ်ပါးပါသေးသလား . . . (မပါ ပါဘုရား)။

## အင်္ဂါလေးပါးနဲ့သေရင် နတ်ပြည်ရောက်တယ်

ဒါဖြင့် အင်္ဂါလေးပါးနဲ့သာ သေသွားကြမယ်ဆိုရင် နတ်ရွာသုဂတိတော့ သေသေချာချာ ရောက်ပါတယ်၊

ကြောက်စရာ မရှိပါလားဆိုတာပေါ်လာပြီ၊ သဘောကျပလား (ကျပါပြီ၊)

ခုနကဟာပြန်ပြောလိုက်ပါဦးဆိုတော့၊ နားထဲမှာ အနိစ္စ၊ ဒုက္ခ အနတ္တကြားဖူးတာက တစ်နံပါတ်၊ သဘောကျပလား (ကျပါပြီ၊) အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ စိတ်၊ ဝေဒနာလေး၊ ရွတ်ဘတ်လို့ကော မရဘူးလား (ရပါတယ်) ရှုလို့ကော (ရပါတယ်)၊ ငါသည် ကားယောက်ျား မိန်းမအထင်မှားတာကော ပါသေးသလား . . . (မပါ ပါဘုရား)။

ဒိဋ္ဌိကလဲကွာတယ်၊ ကွာပြီးသကာလ ဖြစ်ပျက်ကိုမြင်၊ ဖြစ်ပျက်ကိုမုန်းပြီးသကာလ၊ ဦးလှဘူးတို့ ဒကာသိုက်တို့ (တင်ပ့ါ) ဖြစ်ပျက်မဆုံးပဲနဲ့ သေသွားမယ်၊ ခုနင်ကပြောတဲ့ အင်္ဂါလေးခုနဲ့ တော့ ညီပါရဲ့ ဖြစ်ပျက်တော့မဆုံးပဲနဲ့ သေသွားမယ်။

အဲဒီပုဂ္ဂိုလ်ဟာ ငါဘုရား သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့အခါမှာ နတ်ပြည်ခြောက်ထပ်တစ်ခုခုရောက်ရတယ်ကွ၊ သဘောကျပလား(ကျပါပြီ)။

အင်းမရခြားသော်လည်း ပူစရာရှိရဲ့လား၊ (မရှိပါဘုရား) မရခြားသော်လည်း ဒကာဒကာမတို့ပူစရာရှိရဲ့လား - (မရှိပါဘူး) အဲ - ခုနကလေးခုနဲ့ ညီအောင်သာနေပါ (မှန်လှပါဘုရား)။

နာလည်းနာရမယ်နော်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားနာမှု

တစ်နံပါတ်၊ ကိုယ်တိုင်ရမှု နှစ်နံပါတ်၊ အင်း. . . နှလုံးသွင်းမှု သုံးနံပါတ် နှလုံးသွင်းတဲ့အခါ ငါသူတစ်ပါးယောက်ျား မိန်းမမရှိပါလားလို့သိမှု (လေးနံပါတ်ပါဘုရား) အဲဒါလေးမှတ်ထားလိုက်စမ်းပါဦး။

နာမှုတစ်နံပါတ်၊ ပါးစပ်ထဲရမှု နှစ်နံပါတ်၊ နှလုံးသွင်းမှု သုံးနံပါတ်၊ ဒိဋ္ဌိကွာမှု လေးနံပါတ်၊ အဲဒီလေးနံပါတ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ သေသွားလို့ရှိရင်ကွာတဲ့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နတ်ပြည်ခြောက်ထပ်တစ်နေရာရာမှရောက်ရဦးမယ်။

ရောက်ပြီးတဲ့အခါကျလို့ရှိရင်ဖြင့် ဒီပုဂ္ဂိုလ်ဟာတဲ့၊ လူ့ပြည်က နာထားတဲ့တရားတွေ၊ ရွတ်ထားတဲ့တရားတွေ၊ နှလုံးသွင်းထားတဲ့တရားတွေ၊ ဒိဋ္ဌိကလဲကွာနေတဲ့ ပုဂ္ဂိုလ်ဖြစ်ပြီးသကာလ ဒါမဂ်နဲ့ကွာတာမဟုတ်သေးဘူးနော် - သစ္စဉာဏ်၊ စိန္တာမယနဲ့ ကွာတာပဲရှိသေးတယ်။

အဲဒီလိုကွာပြီးသကာလ နတ်ရွာသုဂတိ၊ သေသည်၏ အခြားမဲ့၌ လူ့ပြည်ကသေ၊ နတ်ပြည်ရောက်တော့ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီပုဂ္ဂိုလ်အတွက် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားသောကြောင့် သူနတ်ပြည်ရောက်မှန်းကိုမသိသေးဘူး တဲ့၊ လူ့ပြည်ကနာထားတဲ့တရားတွေက ဩော် - ဒီခန္ဓာကြီးဟာ၊ စိတ်ဆိုတဲ့တရားကြီးဟာ အနိစ္စပါလား ဒုက္ခပါလား အနတ္တပါ

လား ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဟာလဲ ဝေဒနာဟာ အနိစ္စပါလား၊ ဒုက္ခပါလား၊ အနတ္တပါလားလို့ ရှုတုံးက အရင်ပေါ်လာတယ်၊ သူရောက်ကြောင်း မသိသေးဘူးတဲ့ ဒကာဒကာမတို့ . . . .

ဘယ်သူက အရင်လာလဲ (ရှုတဲ့ဉာဏ်ကပါ) ရှုတဲ့ဉာဏ်က အရင်ပေါ်လာတယ်၊ ပေါ်လာသည်နဲ့ တစ်ပြိုင်နက်ထဲ အဲဒီမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကျအောင်ဖြစ်သွားတယ်။

လူ့ပြည်မှာ ဒုက္ခမဆုံးတောင်မှ ပူစရာမရှိဘူးဆိုတဲ့ အဓိပ္ပါယ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောရှာတယ်၊ သဘောကျပလား (ကျပါပြီ) သူနတ်ပြည်ရောက်တော့ နတ်ပြည်ရောက်ကြောင်းသိတာနဲ့ မဂ်ဖိုလ်ရတာနဲ့ အင်းဘယ်သူက အရင်ကျသလဲ၊ (မဂ်ဖိုလ်ရတာက အရင်ကျပါတယ်)။

## နတ်ပြည်ရောက်မှန်းမသိခင်၊ မဂ်ရတယ်

နတ်ပြည်ရောက်ကြောင်းမသိသေးဘူးတဲ့၊ မဂ်ရတာက အရင်ကျတယ်တဲ့ ဒကာဒကာမတို့ (တင်ပါ့) သဘောပါပလား. . . (ပါပါပြီ) အင်း. . . ဒါဖြင့် ဒကာဒကာမတို့ကြိုးစားနာပြီး၊ ကြိုးစားပြီး နှုတ်ထဲရောက်အောင် ကြိုးစားပြီး နှလုံးသွင်းပြီး။ ကြိုးစားပြီး ဒိဋ္ဌိခွာခဲ့ရင်ဖြင့် စုတေမနေ သေလွန်သည့် အခြားမဲ့၌ နတ်ပြည်ရောက်၊ သဘောကျပလား - (ကျပါပြီ)။

နတ်ပြည်ရောက်သည်နှင့်တစ်ပြိုင်နက်ထဲ၊ နတ်ပြည်ရောက်ကြောင်းသူဟာသူမသိသေးဘူး၊ ဝိပဿနာဉာဏ်ကစပေါ်တယ်၊ ဘယ့်နှယ်ကြောင့် ဝိပဿနာဉာဏ်က စ,ပေါ်ရပါလိမ့်မတုံးလို့ ဒကာဒကာမတွေက မေးခွန်းထုတ်လို့ရှိရင်ဖြင့် နတ်မှာသလိပ်တို့၊ သွေးတို့၊ ပြည်တို့မရှိဘူး၊ (မှန်ပါ့)။

လူတွေမှာတော့ သလိပ်ကဝမ်းထဲမှာကိုပဲ တစ်ပြည်သားလောက်ရှိတယ် အဲဒီတစ်ပြည်သားလောက်မှာ ဉာဏ်ကအဲဒီအောက်ရောက်နေတယ်၊ ဉာဏ်ပေါ်ရမှာ အဲဒီအောက်ရောက်နေတယ်။

## ဒုတိယဘဝမှာ ကိစ္စပြီးတယ်

ဒီသလိပ်တွေကို တိုးထွက်ပြီး ဒီပါးစပ်ကမြည်ဖို့တွန်ဖို့အတော်ခဲယဉ်းတယ်၊ နတ်မှာတော့ ဒီသလိပ်တို့ပြည်တို့ကမရှိတော့ (၃၂) ကောဋ္ဌာသကမစုံပဲကို၊ အဲဒါကြောင့် သူတို့ကချက်ချင်းပေါ်တာ တွေးသည်နှင့် တစ်ချက်တည်းရောက်သည်နှင့်လည်း တစ်ချက်တည်း ခန္ဓာဉာဏ်ရောက်သည်နှင့် တစ်ပြိုင်နက်တည်း၊ ဒီဝိညာဏက္ခန္ဓာဆိုတဲ့စိတ်ဟာ = အနိစ္စပါလား ဒုက္ခပါလား အနတ္တပါလား၊ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်တွေလဲ အနိစ္စပါလား၊ ဒုက္ခပါလား၊ အနတ္တ ပါလားလို့ တစ်ခုတော့ အမြန်ပေါ်တာပဲ။

ပေါ်တယ်ဆိုတာလဲ ဖုံးဖိတဲ့တရားမရှိလို့ပေါ့ဗျာ၊ တစ်ခါ

ဘည်းမင်္ဂဆိုက်သွားတယ်၊ အဲဒီတော့ ဒီဘဝမဆိုက်တောင်မှ ခုနက အင်္ဂါလေးချက်နဲ့ညီလို့ရှိရင်ဖြင့် ဒုတိယဘဝအသေအချာ ဘိစ္စပြီးတယ်လို့ ဘုရားကဟောလိုက်တယ်။

**ပဌမပုဂ္ဂိုလ်**

သိပ်အားတက်စရာကောင်းတယ်ဆိုတာ ဒကာဒကာမ တွေရှင်းပြီနော်. . . အားတက်စရာသိပ်ကောင်းတယ်၊ သို့သော် သူ့အင်္ဂါလေးရပ်နဲ့ညီမှုကလေးတော့ မမေ့ပါနဲ့။

တရားနာမှုရယ်၊ တရားအလွတ်ရမှုရယ်၊ တရားနှလုံး သွင်းမှုရယ် ဒိဋ္ဌိကွာမှုရယ်၊ ဘယ်နှစ်ချက်ပါလိမ့်. . . (လေးချက် ပါဘုရား) တစ်နံပါတ်က ဘာလဲ (တရားနာမှု) နှစ်နံပါတ်ကဘာ လဲ (တရားအလွတ်ရမှု) သုံးနံပါတ်က ဘာလဲ (နှလုံးသွင်းမှု) လေးနံပါတ်ကဘာလဲ (ဒိဋ္ဌိကွာမှု)။

အဲဒီလေးချက်နဲ့ ပြည့်စုံပြီး သကာလ ဒကာဒကာမတို့ ဝိပဿနာဉာဏ်တော့ပါတော့ပါသွားတယ်တဲ့၊ မဂ်ဉာဏ်၊ ဝိပဿ နာမင်္ဂသာပါပြီး လောကုတ္တရာမဂ်မပါပဲနဲ့သေသွားတယ်၊ နတ် ပြည်ရောက်တယ်၊

ဘယ်ရောက်ပါလိမ့် . . . (နတ်ပြည်ရောက်ပါတယ်) နတ်ပြည်ရောက်တော့ ရောက်သည်နှင့် တစ်ပြိုင်နက်တည်း၊

သူ့ခန္ဓာသူကြည့်ပြီး သင်္ကာလ ဝိပဿနာရှုလိုက်တာချက်ချင်း မဂ်ဆိုက်တယ်။

## နတ်တွေကဉာဏ်ထက်တယ်

သလိပ်၊ သွေး၊ ပြည်တို့ခန္ဓာကိုယ်ပေါ်မှာ အုပ်ချုပ်နေမှု မရှိလို့ နတ်တွေမှာ ဉာဏ်ထက်တယ်၊ သဘောကျပလား (ကျပါပြီ)။

ဒါ နတ်ပြည်ရောက်တာသိတာနဲ့ သူမဂ်ဖိုလ်ဆိုက်တာနဲ့ ဘယ်သူကအရင်ကျမလဲ၊ (မဂ်ဖိုလ်ဆိုက်တာကအရင်ပါ) အဲ နတ်ပြည်ရောက်ကြောင်းသိရှိတာက နောက်မှသိတယ်။

မဂ်ဖိုလ်ဆိုက်တာကအရင်ဖြစ်နေတဲ့အတွက်၊ ဒကာ ဒကာမတို့ အခုအားလုံးတရားနာတဲ့ ပုဂ္ဂိုလ်တရားပါးစပ်ထဲရတဲ့ ပုဂ္ဂိုလ်၊ တရားကိုပင်လျှင် နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်ဒိဋ္ဌိကွာနေတဲ့ပုဂ္ဂိုလ်၊ ဒီအင်္ဂါလေးချက်နဲ့ပြည့်စုံလို့ရှိရင်၊ ဒုတိယဘဝ ကိစ္စသေသေ ချာချာပြီးတယ် (တင်ပါ့ဘုရား)။

## သူ့ဟာသူပေါ်လာတာ

ဒါဖြင့် တစ်နံပါတ်သဘောကျပလား၊ (ကျပါပြီ) ဒါဟာ တရားဟော ဆရာနဲ့တွေ့လို့လား သူ့ဟာသူပေါ်လာတာလား

. . . . (သူ့ဟာသူပေါ်လာတာပါ) နတ်ပြည်မှာလေ . . . (သူ့ဟာသူပေါ်လာတာပါ) သူ့ဟာသူပေါ်လာတာ၊ သူဟာသူ ပေါ်လာပြီး လေးလေးစားစားရှုလိုက်တာနဲ့ သူဟာသူပဲ မဂ်လေး ပါး တန်းရတဲ့သူလဲရှိတယ်၊ သူ့ဟာသူပဲ နှစ်မဂ်သုံးမဂ်ရတဲ့ ပုဂ္ဂိုလ် လဲရှိတယ်လို့ ဦးလှဘူးတို့ ဒကာသိုက်တို့က မှတ်ထားကြပါ။ (မှန်လှပါ)။

တရားဟောဆရာနဲ့တွေ့သေးလား နတ်ပြည်ကျမှလေ။ (မတွေ့ပါဘူး) လူ့ပြည်မှာတော့ဖြင့် အင်္ဂါလေးချက်ညီအောင် လုပ်သွားတာပဲ၊ ဒကာသိုက်ရေ အင်္ဂါလေးချက်သဘောကျပ လား . . . (ကျပါပြီ၊)

ကိုင်း-ဒါဖြင့် တစ်နံပါတ်က ဘာတုံး (တရားနာမှု) နှစ်နံ **ပါတ်က (တရားပါးစပ်ထဲရမှု)** သုံးနံပါတ်က (တရားနှလုံးသွင်းမှု) လေးနံပါတ်က (ဒိဋ္ဌိခွာမှု) ဒိဋ္ဌိကွာမှု၊ ဒိဋ္ဌိကွာဆိုတာကတော့ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿဆိုကတည်းက ပုဂ္ဂိုလ်သတ္တဝါပါသေး သလား (မပါပါဘုရား)။

အဲဒီလို ပဋိစ္စသမုပ္ပာဒ် နားလည်နေတဲ့ ဒကာဒကာမတွေ ကျတော့ ဒိဋ္ဌိကခွာစရာမလိုတော့ဘူး၊ ခန္ဓာကိုယ်ဟာ ဒီလိုကျင့် သုံးခဲ့ရင် ယောက်ျားမိန်းမ နဂိုကမပါဘူးဆိုတာ ထင်ရှားတယ် ကျေနပ်ပလား - (ကျေနပ်ပါပြီ၊)

## ဒုတိယပုဂ္ဂိုလ်

ဒါဖြင့် တစ်နံပါတ်ပုဂ္ဂိုလ်က တရားဟောဆရာ မတွေ့ပဲနဲ့ ကိစ္စပြီးသွားတယ်၊ အင်္ဂါလေးချက်နဲ့ တက်သွားပြီတဲ့၊ ဒါဖြင့် တစ်နံပါတ် ပုဂ္ဂိုလ်က တရားဟောဆရာ မတွေ့ပဲနဲ့ ရဟန္တာ ဖြစ်သွားတယ်ဆိုတာ မှတ်လိုက်တာပေ့ါ။

ဟောဒီနှစ်နံပါတ်ပုဂ္ဂိုလ်ပြောမယ်တဲ့၊ နှစ်နံပါတ်ပုဂ္ဂိုလ်ကတော့ ခုနကပြောတဲ့အတိုင်း တရားနာမှုလဲရှိတယ်၊ တရားနှုတ်ထဲရမှုကော (ရှိပါတယ်) ကောင်းပြီတရားနှလုံးသွင်းမှုကော . . (ရှိပါတယ်) အင်း-ဒိဋ္ဌိကွာမှု (ရှိပါတယ်)။

## တွေဝေသေလဲနတ်ပြည်ရောက်တယ်

အဲဒီလိုကွာပြီးသကာလသေခါနီးမှာ တွေတွေဝေဝေနဲ့ သေသွားတယ်၊ တွေဝေပြီးသေချင်သေ၊ ဒကာ ဒကာမတို့ နတ်ပြည်ခြောက်ထပ်ရောက်ပါတယ်။

ပထမပုဂ္ဂိုလ်လဲဒီအတိုင်းပဲနော်  တွေဝေပြီးသေလဲရောက်တာပဲ (မှန်ပ့ါ)၊ အင်္ဂါရပ်ဘယ်နှစ်ချက်ပါလိမ့် (လေးချက်ပါဘုရား)။ ပြန်ပြောပါဦး (တရားနာမှု၊ တရားနှုတ်ထဲရမှု၊ နှလုံးသွင်းမှု၊ ဒိဋ္ဌိကွာမှု) ဒိဋ္ဌိကွာမှု အထူးမှတ်မနေနဲ့ ဒကာ ဒကာမတွေ ပဋိစ္စသမုပ္ပာဒ်နားလည်ရင် ကွာနေတာပဲ။

အဲဒီကဲ့သို့ အင်္ဂါလေးပါးနဲ့ပြည့်စုံနေတာ သေခါနီးကျ တော့ တွေဝေပြီးသကာလ ဒကာသိုက်ရေ၊ ဦးလှဘူးရေ၊ သေသွားတယ် (မှန်ပ့ါ) အင်းသေရင် နတ်ပြည်ရောက်တာပဲကွ တဲ့၊ တွေဝေပြီးသေလဲနတ်ပြည်ရောက်တာပဲ နှစ်နံပါတ်ပုဂ္ဂိုလ် နော်။

## နတ်တွေကလာပြောတယ်

နတ်ပြည်ရောက်ပြီးသကာလ သွားတော့သူက နတ်ပြည် ရောက်ပြီးနေတုန်းမှာပဲ သူ့စိတ်ကိုသိတဲ့နတ်တွေ၊ သူ့အနားလာ ပြီးသကာလ မင်းလူပြည်တုန်းကကွာ မင်းတို့ဆရာဆီမှာ ဒီလို စိတ်တွေနှလုံးသွင်းခဲ့၊ ဝေဒနာတွေနှလုံးသွင်းခဲ့တာတွေ မင်း အောက်မေ့ပါလားဆိုပြီး သူ့စိတ်သိတဲ့နတ်တွေက သူနှလုံးသွင်း ခဲ့တာလာ ပြောတယ်၊ နတ်ချင်း၊ နတ်ချင်း (မှန်လှပါဘုရား)။

အဲဒီမိတ်ဆွေနတ်တစ်ဦးတစ်ယောက်က မင်းသည်ဟိုမှာ သဲ စိတ္တာနုပဿနာ မင်းရှုတယ်၊ ဝေဒနာ နုပဿနာ မင်းဖြစ်ပျက် ရှုခဲ့တယ်၊ အဲဒါတွေမင်းပြန်အောက်မေ့ပါလားဆိုပြီးသကာလ သူ့စိတ်သိတဲ့နတ်ကလာပြောတယ် (မှန်ပ့ါ) ခုနက ဒုတိယတက် သွားတဲ့ ပုဂ္ဂိုလ် (မှန်ပ့ါ)။

အဲဒီလာပြောသည်နဲ့တစ်ပြိုင်နက်တည်း၊ ခန္ဓာကိုယ်

လှည့်ပြီး နှလုံးသွင်းလိုက်တာ ဒကာဒကာမတို့ သူလဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်တာပဲ (မှန်ပါ့)။

## ဗဟိုရ်ရဲ့စည်သံကြားရသလို

သူ့စိတ်ထဲဘယ်လိုပေါ်လာသတုံးလို့မေးတဲ့ အခါကျလို့ ရှိရင်တဲ့ လူတစ်ယောက်ဟာ မြို့ကြီးမှတစ်ပါးတောထဲမှာ မျက်စိလည်နေတယ်တဲ့။

မြို့ကြီးသားသည် တောထဲမျက်စိလည်နေတယ်တော မြို့ကြီးဆိုတော့ ရှေးက မြန်မာမြို့ကြီးမှာတော့ စည်ကြီးတွေရှိကြတယ်၊ အဲဒီစည်ကြီးတွေတောထဲ မျက်စိလည်နေတဲ့ပုဂ္ဂိုလ်က စည်သံကြားလို့ရှိရင်စည်သံလား၊ ကလားတက်သံလားလို့သူ့မှာ တွေးနေသေးလား (တွေးမနေပါဘူး)။

မြို့ကြီးသားကိုး၊ မြို့ကြီးသားဖြစ်နေတော့ ဒါစည်သံပဲလို့ သေသေချာချာဆုံးဖြတ်ချက်ချသလိုပဲ၊ ခုနက ပုဂ္ဂိုလ်ကလာပြီး သတိပေးလိုက်သည်နှင့်တစ်ပြိုင်နက်တည်း သူ့ခန္ဓာကြီး၊ အနိစ္စအချက်တို့၊ ဒုက္ခအချက်တို့ အနတ္တအချက်တို့ သံသယမရှိဘဲနဲ့ ပေါ်လာတယ်. . . (မှန်လှပါဘုရား)။

ပေါ်လာသည်နှင့်တစ်ပြိုင်နက်တည်း ဒကာ ဒကာမတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်တာပဲ၊ သူ

ကတော့ သူ့စိတ်သိတဲ့နတ်က လာသတိပေးလိုက်တယ်၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် နတ်ပြည်ရောက်တဲ့အခါ ဒုတိယပုဂ္ဂိုလ်ပေါ့ဗျာ၊ ဒုတိယပုဂ္ဂိုလ်ကတော့ သူ့စိတ်ကိုသိပြီးသတိပေးတဲ့နတ်ကလာပေးလိုက်တဲ့အခါမှာ ထူးတဲ့ဉာဏ်တွေမရဘူးလား (ရပါတယ်)။

ဒါက ဒုတိယပုဂ္ဂိုလ်၊ ပထမပုဂ္ဂိုလ်နဲ့တူရဲ့လား (မတူပါဘုရား) ပထမပုဂ္ဂိုလ်က သူ့ဟာသူပေါ်တာ၊ ဒုတိယပုဂ္ဂိုလ်က သူ့စိတ်သိတဲ့နတ်ကသတိပေးတာ၊ ရှင်းပလား . . . (ရှင်းပါပြီ) ဘယ်နှစ်ယောက်ရှိသွားပလဲ (နှစ်ယောက်ရှိပါပြီ) နှစ်ယောက်ရှိသွားပြီ။

## တတိယပုဂ္ဂိုလ်

ကိုင်း - တတိယပုဂ္ဂိုလ်ပြောဦးမယ်။ စတုက္ကနိပါတ် - အင်္ဂုတ္တိုရ်ဆိုတော့ လေးယောက်၊ လေးယောက်ဟောတာကိုး-

အဲ တတိယပုဂ္ဂိုလ်ကတော့ လူ့ပြည်နေတုံးက တစ်နံပါတ်က ဒကာသိုက်တို့ဘာတဲ့ (တရားနာမှု) နှစ်နံပါတ်က (နှုတ်ထဲရောက်မှု) နှုတ်ထဲရမူ၊ ဒီတရားတွေကို နှုတ်တိုက်ရတယ်၊ ကိုယ်ရထားတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြည်တတ်၊ ရွတ်တတ်တဲ့ အခြေအနေရောက်အောင်၊ သုံးနံပါတ်က (တရားနှလုံးသွင်းမှု)

နှလုံးသွင်းမှုဆိုတာလဲ ဒီတရားတွေဟာ အနိစ္စလေးတွေပါလား ဖြစ်ပြီးပျက်တာလေးတွေပါလား၊ နှလုံးသွင်းလိုက်တဲ့အခါ မြင်မှုပေါ့ဗျာ (မှန်ပါ့)။

လေးနံပါတ်က . . . (ဒိဋ္ဌိကွာမှု) အဲဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်ဟာ ငါသူတစ်ပါး ယောကျ်ားမိန်းမ မဟုတ်လို့ ပျက်တယ်ဆိုတာ ဒိဋ္ဌိကွာပြီးသားပဲ (မှန်ပါ့) မကွာလား (ကွာပါတယ်)။

## မိန်းမောသေလဲနတ်ပြည်ရောက်တယ်

ဒီတော့ အင်္ဂါလေးပါးနဲ့ ပြည့်စုံပြီး၊ သေခါနီးကျတော့ တတိယပုဂ္ဂိုလ်လဲတွေဝေမိန်းမောပြီး သေတာပဲတဲ့၊ ဦးလှဘူး (မှန်ပါ့) သို့သော် နတ်ရွာပဲရောက်တယ်၊ ဒကာ ဒကာမတို့ တွေဝေမိန်းမောပြီးသေတာတောင် မကြောက်ပါနဲ့တဲ့၊ ခုနက ပြောခဲ့တဲ့ အင်္ဂါလေးပါးစုံနေပြီ၊ နတ်ရွာရောက်တာပဲတဲ့ ဒကာသိုက်က အင်္ဂါ လေးပါးနဲ့ စုံနေပြီကိုဗျ မစုံဘူးလား . . . (စုံပါတယ်)။

တရားနာမှု - (ရှိပါတယ်) နှုတ်တိုက်ရမှု (ရှိပါတယ်) နှလုံးသွင်းမှု (ရှိပါတယ်) ဒိဋ္ဌိကွာမှု (ရှိပါတယ်) အင်္ဂါလေးပါးနဲ့ စုံပြီးတွေဝေသေတယ်တဲ့ သူဘယ်ရောက်မလဲ (နတ်ပြည်ရောက်မယ်) နတ်ပြည်ရောက်မယ်၊ သဘောကျပလား. . . (ကျပါပြီ) အင်းဒါ သုံးနံပါတ်ပုဂ္ဂိုလ်။

အင်း အဲဒီသုံးနံပါတ် ပုဂ္ဂိုလ်ဟာ နတ်ပြည်ရောက်သွားတယ်တဲ့ နတ်ပြည်ရောက်သွားလို့ရှိရင်ဖြင့် နတ်ပြည်မှာလဲ ခုနစ်ရက် တစ်ပါတ်တရားပွဲရှိတယ်၊ သိကြားကဟောတဲ့အခါလဲရှိတယ်၊ ဒီပြင်နတ်ထူးနတ်မြတ်တွေက ဟောတဲ့အခါလဲရှိတယ် (မှန်ပ့ါ)။

## ခုနစ်ရက်တစ်ပါတ်တရားပွဲရှိတယ်

ခုနစ်ရက်တစ်ပါတ်တရားနာကြရတယ်။ အဲဒီတရားပွဲကျလာလို့ရှိရင်ဖြင့် နတ်တွေဟာ အကုန်ထွက်ကြရတယ်၊ တာဝတိံသာမှာရှိတာတွေ စတုမဟာရာဇ်မှာရှိတာတွေ ဒီတရားပွဲသွားကြရတာပေ့ါဗျာ။

အဲဒီတရားပွဲသွားလိုက်လို့ရှိရင်ဖြင့်တဲ့၊ ကိုယ်နာထားတဲ့တရားတွေအကုန်ပေါ်လာတယ် (မှန်ပ့ါ) ကိုယ်နာထားတဲ့တရားတွေ အကုန်ပေါ်ပြီးသကာလ၊ လာပြီး အဲဒီတရားပွဲထဲမှာပဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်တယ်။

## ခရှသင်းသံကြားရသလို

သူက တစ်မျိုးပါလား (တစ်မျိုးပါဘုရား) လောကီဥပမာငါဘုရားပြောမယ်တဲ့၊ မြို့ကြီးသားတစ်ယောက်သည် တောထဲ

မျက်စိလည်နေတဲ့အခါ မြို့ကြီးက ခရုသင်းသံတွေများကြားရလို့ ရှိရင်ဖြင့် ဒါသည် တခြားသောအသံတွေလား ခရုသင်းသံလား လို့ သူ့စိတ်ထဲသံသယမရှိဘူး။

ချက်ချင်းဆုံးဖြတ်ချက်ချပြီး ချက်ချင်းပဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်တာပဲ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ခုနက လေးခုနဲ့ပြည့်စုံပြီးသေတဲ့ပုဂ္ဂိုလ်ဟာ သူ တွေဝေမိန်းမောပြီး ယောင်ရမ်းသေစေကာမူ ကြောက်စရာ မရှိဘူးလို့ပြောလိုက်တယ် (မှန်ပါ့)၊ ပါဠိတော်နော်၊ ဒကာ ဒကာမ တို့ ပါဠိတော်ဖြစ်တဲ့အတွက် သံသယမရှိနဲ့၊ အခုတရားနာနေတဲ့ ပုဂ္ဂိုလ်တွေ ဒီအင်္ဂါလေးပါးနဲ့ မညီတဲ့ပုဂ္ဂိုလ်အင်မတန်ရှားတယ် (မှန်ပါ့) မရှားဘူးလား . . . (ရှားပါတယ်)။

တတိယပုဂ္ဂိုလ်ကတော့ ခုနစ်ရက်လောက်ရှိမှ သူရောက် ပြီးတရားပွဲကြုံမှ သူကတော့အမြင်ထူးတွေရသပေါ့ဗျာ - (တင်ပါ့) ဒါက ဘယ်နှစ်နံပါတ်ပုဂ္ဂိုလ်ပါလိမ့်. . . (သုံးနံပါတ်ပါဘုရား) သုံးနံပါတ်ပုဂ္ဂိုလ်လို့ မှတ်ထားလိုက်။

## စတုတ္ထပုဂ္ဂိုလ်

ဒကာ ဒကာမတို့ လေးနံပါတ်ပုဂ္ဂိုလ်ကိုပြောဦးမယ်၊

လေးနံပါတ်ပုဂ္ဂိုလ်မှာလဲ ခုနက ပြောခဲ့တဲ့ အင်္ဂါလေးပါးနဲ့ သောတာနုဂတဆိုတာ နားထဲကိုကော၊ တရားနာထားတာတွေဟာမရောက်ကြဘူးလား - (ရောက်ပါတယ်)။

ဒါဖြင့် တရားနာမှု၊ နှစ်နံပါတ်က . . . (နှုတ်တိုက်ရမှု) နှုတ်တိုက်ရမှု၊ နှုတ်တိုက်ရမှုဆိုတာ ဝေဒနာဖြင့် ဝေဒနာ၊ စိတ်ဖြင့် စိတ်၊ ဒါလောက်တော့ ခင်ဗျားတို့ လူတိုင်းရတယ်၊ သဘောကျပလား . . . (ကျပါပြီ)။

ကောင်းပြီ သုံးနံပါတ်ကဘာတဲ့ (နှလုံးသွင်းမှု) နှလုံးသွင်းမှုဆိုတော့ ဒါ အနိစ္စပါလား၊ ဒုက္ခပါလား၊ အနတ္တပါလားလို့ နှလုံးသွင်းမှုပေါ့ဗျာ၊ ဒါကောမရှိကြဘူးလား (ရှိကြပါတယ်)။

အေး. . . လေးနံပါတ်ပြောပါဦး - (ဒိဋ္ဌိကွာမှု) ဒိဋ္ဌိကကွာတယ်၊ ကွာနေတာပေါ့ဗျာ၊ ငါမဟုတ်လို့ဖြစ်တယ်၊ ပျက်တယ်ဆိုတာ ဒိဋ္ဌိကမကွာလား (ကွာပါတယ်)။

ဒါဖြင့် ဒီအင်္ဂါလေးပါးနဲ့ပြည့်စုံပြီးသကာလ၊ သေခါနီးကျတော့ ဒီတရားတွေ နှလုံးမသွင်းနိုင်ဘဲနဲ့ သေသွားတယ်၊ နတ်ပြည်ခြောက်ထပ်တစ်ခုခုရောက်တာပဲ၊ သူလဲရောက်တာပဲတဲ့ ဒကာ ဒကာမတို့ အားငယ်စရာများရှိရဲ့လား (မရှိပါဘုရား)။

ဒီဘဝ ဒုက္ခဆုံးတဲ့ဆီ မရောက်တောင် ဒုတိယဘဝ သေချာတယ်ပြောတာ (မှန်လှပါ) ကိုင်း နတ်ပြည်ရောက်သွား

တော့ကိုတဲ့ ဒကာ ဒကာမတို့လဲ စဉ်းစားပါတော့ (မှန်လှပါဘုရား)။

အခုပြောနေတာ ဥပုသ်နေ့ဆိုရင်ဖြင့် သုံးလေးထောင်၊ လေးငါးထောင် အစရှိသဖြင့်ရှိတယ်။ ဒီနေ့လိုနေ့မျိုး ခုနစ်ရာ ရှစ်ရာ အစရှိသဖြင့်ရှိတယ်။

## အားလုံးနတ်ပြည်ရောက်မည့်ပုဂ္ဂိုလ်တွေ

ဒီမိတ်ဆွေတွေဟာ တစ်ယောက်ပြီး တစ်ယောက် နတ်ပြည်ရောက်ကြမှာချည်းပဲ ဘယ်သူမှမရောက်မည့် ပုဂ္ဂိုလ် ဒီအထဲမှာ မပါဘူး (မှန်ပါ့) ကိုယ်တနည်းနည်းနဲ့ ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေကိုး (မှန်လှပါ) သူတို့က အရင်ရောက်နှင့်နေတယ်။

ခုနက ပုဂ္ဂိုလ်ကသေပြီး နတ်ပြည်ရောက်သွားတယ်၊ ရောက်သွားတဲ့အခါကျလို့ရှိရင်ဖြင့် ဒီတရားနာခဲ့တဲ့ မိတ်ဆွေတွေက အရင်ရောက်နှင့်တဲ့မိတ်ဆွေတွေကရှိတယ်၊ နတ်ပြည်မှာ နတ်ပြည်မှာ အရင်ရောက်နှင့်တဲ့မိတ်ဆွေတွေက မရှိနှင့်ဘူးလား (ရှိနှင့်ပါတယ်)။

စဉ်းစားပဲကြည့်ပါ၊ လူ့ပြည်နှစ်ငါးဆယ်မှ စတုမဟာရာဇ်က တစ်ရက်ပဲရှိသေးတယ်၊ လူ့ပြည်နှစ်တစ်ရာမှ တစ်ရက်ဆိုတော့ ဒကာ ဒကာမတွေ နတ်ပြည် တစ်နာရီခွာပြီး ရောက်

ရမယ်၊ တိုတိုတွက်လို့ရှိရင် မရောက်ပေဘူးလား. . . (ရောက်ပါတယ်)။

အဲဒီရောက်တဲ့အခါကျတော့ အရင်ရောက်တဲ့နတ်က ဒီပုဂ္ဂိုလ်က နတ်တော့ဖြစ်နေပြီတဲ့ တရားသူဟာသူ မပေါ်လာသေးဘူး၊ မပေါ်လာတော့ ဓမ္မမိတ်ဆွေ နတ်တွေကလာပြောကြတယ်။

## တရားနာ နတ်တွေကလာပြောတယ်

မင်း လူ့ပြည်တုန်းက ဒို့နဲ့ တရားနာဘက်၊ မင်းသည် ဒီစိတ်ကလေးဖြစ်ပျက်ရှုပါလား၊ မင်းဝေဒနာလေး ဖြစ်ပျက်ရှုပါလားလို့လာပြောနေကြတယ်၊ သဘောကျပလား (ကျပါပြီ)။

ဒီပုဂ္ဂိုလ်တွေက အတူတူရောက်ကြတာကိုးဗျာ၊ အတူတူရောက်တာက လူ့ပြည်ကနေတက်မယ်ဆိုတော့ နာရီပိုင်းလောက်နဲ့ နတ်ပြည်ရောက်ကြတာ၊ အရင်ရောက်တဲ့လူက ဘစ်နာရီဦးမယ်၊ နောက်ရောက်တဲ့ပုဂ္ဂိုလ်က တစ်နာရီနောက်ကျဘယ် ဟုတ်ပလား . . . (ဟုတ်ပါပြီ)။

လူ့ပြည်အနှစ်တစ်ရာမှ တာဝတိံသာက တစ်ရက်ရှိသေးဘယ်ဆိုတော့ ခက်ဘူးလား (ခက်ပါတယ်)။

အဲတော့ ဒကာ ဒကာမတို့ နတ်ပြည်မရောက်ကြပေဘူးလား . . . (ရောက်ပါတယ်) အရင်ရောက်တဲ့ပုဂ္ဂိုလ်ကတော့ အရင်ကိစ္စပြီးနှင့်တဲ့အတွက် နောက်ရောက်တဲ့ပုဂ္ဂိုလ်ကိုသတိများမေ့နေပြီလားဆိုလို့ရှိရင်ဖြင့် လာပြောတယ်။

ကလေးများကစားသလိုပဲ၊ မင်းက ဒီနေရာမှာနေ မင်းက ဒီအိုးကလေးနဲ့ကိုင်၊ မင်းကဒီဟာလေးလုပ်၊ မင်းဒီဒုတ်ချောင်းယူ အစရှိသဖြင့် ကလေးများကစားကြတော့ တစ်ယောက်၊ တစ်ယောက်မသင်လားဟေ့၊ (သင်ပါတယ်ဘုရား)။

## ကလေးများသင်ပေးသလိုနတ်တွေကလာပြောတယ်

အဲဒီ သင်သလိုပဲတဲ့ ဒကာ ဒကာမတွေ နတ်ပြည်ရောက်ပြန်တော့ ငါ့ရှင်၊ မင်းလူပြည်တုံးက ဒီနေရာ ဒီဓမ္မာရုံမှာ မင်းပြောနေတာ ဖြစ်ပျက်တွေ နှလုံးသွင်းဖို့ဆရာတော်က ဟောတယ်၊ အဲတာမျိုးပြန်ပြီး နှလုံးသွင်းပါလားလို့ သူ့အရင်နတ်က သူ့ကိုလာပြောတယ် (တင်ပါ့)။

ပြောသည်နှင့်တစ်ပြိုင်နက်တည်း သူသည် ခန္ဓာကိုယ်ဉာဏ်လှည့်လိုက်လို့တွေ့ရတယ်၊ တစ်ခါတည်းသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရောက်အောင်ဖြစ်တာပဲ။

## ဓမ္မမိတ်ဆွေချင်းလာပြီးသတိပေးတယ်

ဓမ္မမိတ်ဆွေချင်းလာပြီးသတိပေးလိုက်တယ်၊ သဘောပါပလား (ပါပါပြီဘုရား) ဘယ်သူကလာပြီး သတိပေးသလဲ (ဓမ္မမိတ်ဆွေချင်းသတိပေးတယ်)။

ဒီဓမ္မမိတ်ဆွေချင်းကတော့ မရောက်မည့် ပုဂ္ဂိုလ်များ ရှိသေးရဲ့လား (မရှိပါဘူး)၊ ရောက်တဲ့အခါကျတော့ကော အချိန်က သိပ်ကြာကြသလား. . . (မကြာပါဘူး)။

အင်း၊ နာရီပိုင်း၊ စက္ကန့်ပိုင်းပဲကွာကြမယ် (မှန်ပါ့) နတ်ပြည်ကနေတွက်ရင်လေ (မှန်ပါ့) သူနဲ့သူ သုံးနှစ်လောက်ကွာတယ်၊ လေးနှစ်လောက်ကွာတယ်ပြောချင်ပြောနေမယ်၊ နတ်ပြည်ရောက်တော့ မိနစ်၊ စက္ကန့်ပဲကွာမယ်၊ သဘောကျပလား. . . (ကျပါပြီ)။

အဲဒီပုဂ္ဂိုလ်ရောက်လာတဲ့အခါကျလို့ရှိရင် ကလေးများကစားသလိုပဲ တစ်ယောက်က တစ်ယောက်သင်သလို အရင်ရောက်နှင့်နေတဲ့နတ်သား နတ်သမီးတွေက နောက်ရောက်တဲ့ပုဂ္ဂိုလ်ကို တွေ့ပြီး သေလို့နတ်ပြည်ရောက်လာတာလဲ၊ သူ့ကငါ့ရှင် ဒါ စိတ္တာနုပဿနာ မင်းလုပ်ခဲ့သားပဲ၊ ဝေဒနာ နုပဿနာမင်းကြိုးစားခဲ့သားပဲ၊ ဒါကိုမင်းသည်ကားလို့ဆိုရင် ကျကျနန

လုပ်လိုက်ပါလားလို့ သတိလေးပေးလိုက်ကတည်းက တ
တည်းပေါ်လာတာပဲ။

ဩဘ်-သူ့မှာ သလိတ်တွေ၊ သွေးတွေ၊ ပြည်
ဉာဏ်ပေါ်မှာအုပ်နေတာရှိသေးရဲ့လား (မရှိပါဘူး) မ
အတွက် ရှုလိုက်သည်နှင့်တစ်ပြိုင်နက်တည်း အဖြစ်အပျက်
ဟာ သူမြင်လာတယ်။

မြင်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း ဖြစ်ပျက်မှုန်း၊
ပျက်ဆုံးပြီး သောတာပန်သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ
အောင် ဖြစ်သွားတယ်၊ သဘောကျပလား . . . (ကျပါပြီ)။

## အရင်ရောက်သူက သတိပေးမြဲတဲ့

ဒါဖြင့် ဒကာဒကာမတို့ တရားနာဘက်ခြင်းဟာ
မည်မျှလောက်ကျေးဇူးများတယ်ဆိုတာ ပေါ်လာတယ်၊ တ
ယောက်တစ်ယောက်သတိပေးတာ အရင်ရောက်တဲ့ ပုဂ္ဂိုလ်
နောက်ရောက်တဲ့ပုဂ္ဂိုလ်ကို၊ ဦးလှဘူးရေ သတိပေးမြဲတဲ့ (မှန်လှပါ
ဘုရားက ဒီအတိုင်းပါဠိတော်မှာလာပါတယ်။ (တင်ပ့ါ)။

ဒါဖြင့် ဒကာဒကာမတို့ ဒို့အတွက်စိုးရိမ်စရာမရှိဘူး
ဆိုတာပေါ်သွားတယ် (ပေါ်ပါတယ်ဘုရား) ဒီနေ့တရားမှာ၊ ဒီနေ့

တရားမှာ စိုးရိမ်စရာများ ရှိသေးသလား. . . (မရှိပါဘူး) ဘာမှမရှိဘူး။

## ပုဂ္ဂိုလ်လေးမျိုး

ကိုင်းဒါဖြင့် တစ်နံပါတ်ပုဂ္ဂိုလ်ကတော့ အခုန အင်္ဂါလေးပါးနဲ့ပြည့်စုံတော့ ဒကာသိုက်ရေ တရားအားထုတ်ရင်းနဲ့ သူ့အလိုလိုပေါ်တယ်၊ အိပ်သောယောကျ်ားနိုးသော်လားသို့ပေါ်လာတယ်။

ဒုတိယပုဂ္ဂိုလ်ကတော့ သူ့စိတ်သိတဲ့နတ်ကလာဟောတယ်၊ တတိယပုဂ္ဂိုလ်ကတော့ ခုနစ်ရက်တစ်ပတ်တရားပွဲမှာ ကိစ္စပြီးပါတယ်၊ စတုတ္ထပုဂ္ဂိုလ်ကတော့ ဓမ္မမိတ်ဆွေချင်းလာသတိပေးတာနဲ့ ကိစ္စပြီးပါတယ်။

ဒါနတ်ပြည်တော့ရောက်တယ်၊ လေးယောက်စလုံးတဲ့၊ သတိပေးပုံခြင်းကွာကြတယ်။

တစ်နံပါတ်ပုဂ္ဂိုလ်က ဘယ်လိုရှိသလဲ - (သူ့ဉာဏ်ထဲပေါ်လာတယ်) သူ့ဉာဏ်ထဲအလိုလိုပေါ်လာတယ်၊ နတ်ပြည်ရောက်တာသူမသိသေးဘူး၊ ဖြစ်ပျက်ရှုချင်တဲ့စိတ်က အရင်ပေါ်လာတယ်၊ ပေါ်ပြီးတာနဲ့ တစ်ပြိုင်နက်တည်း ဘာဖြစ်သတုံး . . . (ဖြစ်ပျက်ရှုချင်တဲ့ စိတ်ပေါ်လာတယ်) သူ့စိတ်ကပေါ့ဗျာ။

နှစ်နံပါတ် ပုဂ္ဂိုလ်ကတော့ ဘယ်လိုကျမှဖြစ်ပါလိမ့် - (သူ့စိတ်ကိုသိပြီးလာပြောတယ်) သူ့စိတ်သိပြီးလာတရားဟော တဲ့ ပုဂ္ဂိုလ်နဲ့တွေ့တယ်၊ အဲဒီမှာ သူ့ကိစ္စပြီးပါတယ်ဆိုတာရှင်း တယ်။

သုံးနံပါတ် ပုဂ္ဂိုလ်ကတော့ဘာတဲ့ (ခုနစ်ရက်တစ်ပတ် တရားပွဲမှာပြီးတယ်) ခုနစ်ရက်တစ်ပတ်တရားပွဲမှာ သူ့ကိစ္စပြီး တယ်၊ သဘောကျပလား- (ကျပါပြီ)။

လေးနံပါတ်ပုဂ္ဂိုလ်ကတော့ ဘာတဲ့လဲ (ခမ္မမိတ်ဆွေချင်း လာသတိပေးတယ်) ခမ္မမိတ်ဆွေချင်းလာသတိပေးတာနဲ့ ကိစ္စ ပြီးတယ်။

## သေရမှာကြောက်စရာမရှိ

အင်းဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ကြောက်စရာ သန့်စရာဘာမှမရှိပါလား၊ ဒကာသိုက်အားတက်စရာပဲ။

အားတက်စရာဆိုတော့ ဘုန်းကြီးက အားတိုးစမ်းလို့ အားတက်စရာလား၊ ဘုရားကတိုက်ရိုက်ဟောလို့ အမှန်ယူရမှာ သား၊ . . . (ဘုရားကတိုက်ရိုက်ဟောလို့ပါ) ဘုရားကတိုက်ရိုက် ဟောလို့ အမှန်ယူရမှာဆိုတော့ ဒကာဒကာမတွေသေရမှာ ဘာမှမကြောက်နဲ့၊ (မှန်ပါ့)။

ကိုင်းဒါဖြင့်၊ သောတာနုဂတ သုတ္တံ ဒကာဒကာမတွေ သောတ က နာမှု၊ နုဂတက အစဉ်လိုက်တာ။

တရားနာမှု တစ်နံပါတ်၊ သဘောကျပလား (ကျပါပြီ) တရားကိုခင်ဗျားတို့နှုတ်ထဲရောက်အောင် နှစ်နံပါတ်၊ သုံးနံပါတ်က တရားကို (နှလုံးသွင်းပါ) တရားနှလုံးသွင်းရမယ်၊

လေးနံပါတ်က (ဒိဋ္ဌိကွာမှု) ဒိဋ္ဌိကွာမှု၊

## အင်္ဂါလေးချက်နဲ့ နေဖြစ်အောင်နေကြပါ

အင်္ဂါတွေကတော့ ပြည့်စုံပြီ၊ သေရင်ဘယ်ရောက်မလဲ (နတ်ပြည်ရောက်မယ်) နတ်ပြည်ရောက်သည်နှင့်တစ်ပြိုင်နက်တည်း တစ်နံပါတ် ပုဂ္ဂိုလ်ဖြစ်လို့ရှိရင်၊ ရောက်သည်နှင့်တစ်ပြိုင်နက်တည်း၊ သောတာပန်သကဒါဂါမ် အနာဂါမ်၊ ရဟန္တာဖြစ်တယ်၊

နှစ်နံပါတ်ပုဂ္ဂိုလ်လဲ သူ့စိတ်သိတဲ့ နတ်ကလာဟောရင် ကိစ္စပြီးသွားတာပဲ၊ သုံးနံပါတ်ပုဂ္ဂိုလ်က ခုနစ်ရက်တစ်ပါတ် တရားပွဲမှာ ကိစ္စပြီးပါတယ်။ လေးနံပါတ် ပုဂ္ဂိုလ်က ဓမ္မမိတ်ဆွေချင်း လာသတိပေးတာနဲ့ ကိစ္စပြီးပါတယ်။

ဒါဖြင့် ကိစ္စမပြီးတဲ့ ပုဂ္ဂိုလ်ပါသေးသလား (မပါပါဘုရား)

ဒါဖြင့် ဒကာ ဒကာမတို့ ဒီအင်္ဂါလေးချက်နဲ့ နေဖြစ်အောင်နေကြ ပါဆိုတာ ဘုရားကလဲဟောလို့ ဘုန်းကြီးများကလဲ တဆင့် တိုက်တွန်းရတယ်၊ ဒီလိုပြောတယ်မို့လား - (ပြောပါတယ်)

## တရားနာမပျင်းကြနဲ့

ဒါဖြင့် တရားနာမပျင်းနဲ့၊ (မှန်ပါ့) နှုတ်ထဲရောက်အောင် နာ (မှန်ပါ့) နှုတ်ထဲရောက်အောင်နာဆိုတော့ ဘုန်းကြီးပြောလို့ ဘယ်ရမလဲ၊ အင်းအနိစ္စဒုက္ခအနတ္တတွေပဲဆိုတာတော့ ရအောင် လုပ်ရမယ်၊

နှလုံးသွင်းတယ်ဆိုတာကတော့ ကိုယ့်စိတ်ကလေး ကိုယ်ရှုဖြစ်ပြီး ပျက်သွားတာပဲဆိုတာ နောက်ဉာဏ်ကမသိရပေ ဘူးလား၊ (သိရပါတယ်) ဒါ နှလုံးသွင်းတာပဲ (မှန်ပါ့) ဒိဋ္ဌိကွာ တယ်ဆိုတော့ စိတ်ကလေးတွေလဲ ပျက်တာပဲ ရုပ်ကလေးတွေ လဲပျက်တာပဲဆိုတော့ ငါမဟုတ်လို့ ပျက်တာပဲဆိုတာ သေချာ ပလား . . . (သေချာပါတယ်)

## အင်္ဂါလေးချက်နဲ့သာပြည့်စုံပါစေနတ်ပြည်ရောက်တယ်

ငါမဟုတ်လို့ ပျက်တာပဲဆိုတာ မသေချာတော့ အင်္ဂါ လေးပါးနဲ့ ပြည့်စုံပြီးသေတဲ့ပုဂ္ဂိုလ်ဟာ သေခါနီးမှာ ဘာမှနှလုံး

မသွင်းနိုင်ပဲနဲ့ သစ်ပင်ပေါ်ကကျ၍ဖြစ်စေ ရေနစ်၍ဖြစ်စေ လေယာဉ်ပျံပေါ်မီးလောင်လို့ဖြစ်စေ၊ ဒီလိုသေတောင် မကြောက်ပါနဲ့ (မှန်ပ့ါ) နတ်ရွာသုဂတိရောက်တာပဲဆိုတာ သေသေချာချာ သာမှတ်ပါတော့ -

ရောက်သည်နှင့် တစ်ချက်တည်း ဒီလေးမျိုးဖြစ်ရမယ် ဒီလေးမျိုးတစ်မျိုးမျိုးထဲပါရတော့မယ် ရှင်းကြပလား - (ရှင်းပါပြီ)။

## ငါသေရင်နတ်ပြည်ရောက်မယ်လို့ဆုံးဖြတ်

ဒါသောတာနုဂတသုတ်တဲ့ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ သေသေချာချာလာတဲ့အတွက် ဒကာဒကာမတို့ ကြောက်စရာများရှိသေးသလား (မရှိပါဘူး) ဩော်ဒါဖြင့် ငါသေရင် ဘာများဖြစ်ဦးမလဲဆိုတာ ဒီနေ့လုံးဝဖျောက်လိုက် (မှန်ပ့ါဘုရား) သဘောကျပလား (ကျပါပြီ)။

ငါသေရင်ဘာမှမဖြစ်ဘူး သုဂတိနတ်ပြည်ကိုပဲ ရောက်မှာပဲ ရောက်ရင်လဲကိစ္စပြီးမှာပဲ၊ ဒီလိုသာလျှင် ဆုံးဖြတ်ချက်ချထားပါလို့ လေးနက်စွာတိုက်တွန်းတယ်၊ ရှင်းပလား - (ရှင်းပါပြီ)။

ကောင်းပြီ ဒီထက်ကောင်းတာကိုပြောပါဦးဆိုတော့ ယခု ဒုက္ခချုပ်ပြီးငြိမ်းသွားရင်သာကောင်းတယ်၊ ဟုတ်ဘူးလား - (ဟုတ်ပါတယ်)။

ဟိုဟာက တစ်ဘဝခဏသွားတော့ နတ်ပဋိသန္ဓေလေးနဲ့ ကြုံခဲ့ရတယ်၊ မကြုံရအောင်လုပ်ရင် ဒီထက်မကောင်းဘူးလား-(ကောင်းပါတယ်)။

## အကြွေးနဲ့လက်ငင်းဘယ်ဟာကြိုက်သလဲ

အေးဒါကြောင့် ဒကာဒကာမတို့ အကြွေးနဲ့လက်ငင်း ဘယ်ဟာကြိုက်ကြသလဲ - (လက်ငင်းကြိုက်ပါတယ်ဘုရား) လက်ငင်းကြိုက်လုပ်ရုံပဲရှိတာပေါ့၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ) အကြွေးနဲ့လက်ငင်းဘယ်ဟာကြိုက်ပါသတုံး. . . (လက်ငင်းကြိုက်ပါတယ်) လက်ငင်းကြိုက်ရင်ဘာလုပ်ရမလဲ (မဂ်အလုပ် လုပ်ရမယ်) မဂ်အလုပ်လုပ်လိုက်တော့ အခုပြီးသွားတာဟာဖြင့် အကောင်းဆုံးပဲ - (မှန်ပါ့ဘုရား)။

ဒါကြောင့် တစ်နေ့က ရှင်သာရိပုတ္တရာကို၊ တိတ္ထိတစ်ယောက်ကမေးတဲ့အခါမှာ ဒကာသိုက်တို့မှတ်မိကောင်းမှတ်မိလိမ့်ဦးမယ်နော် - အရှင်သာရိပုတ္တရာဘုရား ဒုက္ခနဲ့ သုခရှင်းပေးစမ်းပါ၊ တိတ္ထိကမေးတယ်။

## ဒုက္ခနဲ့သုခရှင်းပေးပါဘုရား

ဒုက္ခနဲ့သုခ ရှင်းပေးစမ်းပါလို့ မေးတဲ့အခါကျတော့၊

ရှင်သာရိပုတ္တရာက ဖြေလိုက်တယ်၊ နောက်ထပ်မဖြစ်တာ သုခ၊ ဖြစ်ရင် ဒုက္ခ (မှန်ပ့ါဘုရား) နောက်ထပ် ပဋိသန္ဓေနေရရင် (ဒုက္ခ) ပဋိသန္ဓေမနေရရင် (သုခပါဘုရား)

အဲဒီတော့ခင်ဗျားတို့ ဒုတိယဘဝမှာရတာ သေချာအောင်ဘုရားဟောကိုလဲ ဟောပြီးပြီ၊ သို့သော် နောက်ထပ်ဖြစ်သေးတယ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်) ပဋိသန္ဓေတဖန်နေရသေးတယ်၊ အဲဒါဒုက္ခပါတယ်၊ ဟုတ်ပလား . . . (ဟုတ်ပါပြီ)။

## အကြွေးထက်လက်ငင်းကောင်းတယ်

အဲတော့ဒီဘဝမှာပဲ နောက်ဘဝပဋိသန္ဓေမနေတဲ့လမ်းကိုလိုက်လိုက်မယ်ဆိုလို့ရှိရင် နောက်ဘဝပဋိသန္ဓေရှိသေးရဲ့လားမရှိတော့ပါဘူး၊

ဒါဖြင့် အကြွေးနဲ့လက်ငင်း၊ လက်ငင်းကောင်းတယ်ဆိုတဲ့ ဥပမာအတိုင်းပါပဲတဲ့၊ ဘုန်းကြီးတို့ ဒကာဒကာမတွေ ပြီးအောင်လုပ်တာ ပိုမိုကောင်းတယ် (တင်ပ့ါ)။

မပြီးတဲ့အခါမှာလဲ အားငယ်စရာမရှိဘူးလို့ ပြောလိုက်တယ်၊ (မှန်ပ့ါ) ရှင်းပလား . . . . . (ရှင်းပါပြီ)။

သို့သော်ပြီးအောင်လုပ်တာနဲ့ မပြီးပဲနေတာနဲ့ ဒကာသိုက်ကြီးဘယ်ဟာက ကောင်းသလဲ. . . (ပြီးအောင်လုပ်တာက

ကောင်းပါတယ်) အဲရှင်သာရိပုတ္တရာက နောက်ထပ်မဖြစ်ရင်ဘာတဲ့ (သုခပါ) နောက်ထပ်ဖြစ်ရင် (ဒုက္ခပါ)

အဲပြီးအောင်မလုပ်တဲ့ ပုဂ္ဂိုလ်က နောက်ထပ်ဖြစ်စရာရှိတယ်၊ မရှိဘူးလား (ရှိပါတယ်) ပြီးအောင်လုပ်တဲ့ ပုဂ္ဂိုလ်က (နောက်ထပ်ဖြစ်စရာမရှိပါဘူး) ပြီးအောင်လုပ်တဲ့ ပုဂ္ဂိုလ်က နောက်ထပ်ဖြစ်စရာမရှိသောကြောင့် ဒီဘဝကိစ္စပြီးတယ် (တင်ပ့ါ) သုခနဲ့ ဇာတ်သိမ်းသွားတယ်၊

ပြီးအောင်မလုပ်တဲ့ပုဂ္ဂိုလ်က မပြီးသေးတဲ့အတွက် ဒုက္ခနောက်ဆက်တွဲရှိတယ် ရှင်းပလား . . . (ရှင်းပါပြီ) ဒုက္ခနောက်ဆက်တွဲမရှိဘူးလား. . . (ရှိပါတယ်)။

အေးဒါကြောင့် တရားကိုအမျိုးမျိုးကနေပြီးသကာလ တိုက်တွန်းတာလဲပါအောင်၊ စိတ်ဇောကိုလဲ သန်သန်ထွားထွားနဲ့တစ်ခါတည်း အကြွေးနဲ့လက်ငင်းအလုပ်မှာ လက်ငင်းအလုပ်ကိုလုပ်ဖြစ်အောင်ဆိုတာကို ရှင်သာရိပုတ္တရာက တိုက်တွန်းတယ်။

ဘုရားကလဲ အကယ်၍ ဒါအကြွေးဖြစ်ခဲ့ပါဦး၊ တစ်တိမ်းတစ်ပါးတော့ မဖြစ်တော့ပါဘူးဆိုတဲ့ ဥစ္စာကို တာဝန်ခံလိုက်ပါတယ်။ အဟုတ်ကော တာဝန်မခံဘူးလား . . . (တာဝန်ခံပါတယ်)။

ဒါဖြင့်ဒကာဒကာမတွေ ဩော် ဒို့ - ဒုတိယဘဝကိစ္စ ပြီးချင်လို့ရှိရင် အင်္ဂါလေးချက်စုံဖို့ တယ်အရေးကြီးပါလား (တင်ပါ့)။ ပေါ်လာပလား. . . (ပေါ်လာပြီ)။

အင်္ဂါလေးချက်ကဘာပါလိမ့်မတုံးဆိုတော့ ပြောကြစမ်းပါဦး။ (တရားနာမှု၊ တရားနှုတ်ထဲရောက်မှု၊ တရားနှလုံးသွင်းမှု၊ ဒိဋ္ဌိကွာမှု) အဲဒီလေးချက်ကလေးတော့ ခင်ဗျားတို့က ဝန်လေးစရာများရှိရဲ့လား. . . (မရှိပါဘူး) ဦးလှဘူးရေ နေရာကြပြီ။

## ပဋိစ္စသမုပ္ပါဒ်ပြရင် အင်္ဂါလေးချက်ပါတယ်

ကိုင်းဒါဖြင့် အခုပြောခဲ့တဲ့ လေးချက်ဟာ ဘုန်းကြီး ပဋိစ္စသမုပ္ပါဒ်တစ်ခါပြလိုက်လို့ရှိရင် အကုန်ပါသွားမှာပဲ။ (မှန်ပါ့) ပါမှာပါပဲတဲ့။

ဒီဘက်ထိပ်က ဒကာဒကာမတို့ နှစ်ခုချပြလိုက်တယ် ဘာပါလိမ့် (ဇရာမရဏ) ဇရာမရဏ ဩော် - ဇရာမရဏ ဆိုတော့ ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာပါ) ဇရာမရဏဆိုတော့ ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိရင် နာထားလို့သိတယ် (တင်ပါ့) ဒုက္ခသစ္စာလို့ပြောနိုင်တာနှုတ်တိုက်ကိုရနေတယ်။ သဘောကျပလား . . . . (ကျပါပြီ။)

သေသေချာချာစဉ်းစားလိုက်လို့ရှိရင်ဖြင့် ဒါတွေဟာ ဒုက္ခ

သစ္စာအစစ်ပဲဆိုတာလဲ သံသယရှိသေးရဲ့လား (မရှိပါဘူး) ဒါနှလုံးသွင်းလိုက်တာပဲ၊

ရှိနေတဲ့ ဇရာမရဏဟာ ယောကျ်ားလား မိန်းမလားဆို၊ ဘယ့်နှယ်ဖြေကြမလဲ . . (မဟုတ်ပါဘူး) ဇရာမရဏပဲ၊ ယောကျ်ားမိန်းမ ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူး) ဘာလဲ . . . (ဇရာမရဏပါ)

အဲတော့ ခုနက ပြောခဲ့တဲ့ အင်္ဂါလေးချက်နဲ့ မညီဘူးလား ညီပါတယ် ကိုင်းဒါဖြင့် ဇရာမရဏသည်ကားလို့ ဆိုလို့ရှိရင် ဘယ်က လာပါလိမ့်. . . (ဇာတိကပါ) ဇာတိကဘာလဲ၊ ဇာတိကြောင့် ဇရာမရဏဖြစ်ရတယ်ဆိုတော့ ဇာတိသည်အကြောင်း သမုဒယ သစ္စာ၊ ဇရာမရဏသည် အကျိုးဒုက္ခသစ္စာ၊ သဘောကျပလား (ကျပါပြီ)။

## ဇာတိဘယ်ကလာပါလိမ့်

ကောင်းပြီ ဒါဖြင့် ဒီဇာတိဘယ်ကလာပါလိမ့် (ကမ္မဘဝကပါ) ကမ္မဘဝကလာတယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ရှင်းကြပလား (ရှင်းပါပြီ) ကမ္မဘဝပစ္စယာဇာတိ၊ ဇာတိဒုက္ခသစ္စာ မလုပ်ရဘူးလား (လုပ်ရပါတယ်) ကံဟောင်းကလုပ်တဲ့အတွက် ဇာတိ။

ဒါဖြင့် ဒီကံတွေကြောင့်ဆိုလို့ရှိရင်ဖြင့် ဒီကအကြောင်း ဒီကဇာတိဒုက္ခသဘောကျပလား (ကျပါပြီ) ဒါက နောက်ဆုတ်သွားတာ၊

ဒီကမ္မဘဝ ဒကာဒကာမတွေက ကြည့်ပါဦး၊ ကမ္မဘဝ ဘယ်ကလာပါလိမ့်၊ (ဉပါဒါန်ကလာတယ်) ဉပါဒါန်ဆိုတာ ကိုယ့်ကိုယ်ကိုယ်စွဲလမ်းတဲ့ ဉပါဒါန်ကြောင့်လာတာ၊ သဘောကျပလား. . . (ကျပါပြီ)။

ကိုယ့်ကိုယ်ကိုယ်စွဲလမ်းတဲ့ ဉပါဒါန်က ကံကိုလုပ်တယ်၊ ကံကိုလုပ်လို့ ဇာတိရတယ်၊

ဉပါဒါန်ဘယ်ကလာပါလိမ့် (တဏှာကလာတယ်) ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ဉပါဒါန်က ဒုက္ခသစ္စာ၊ သဘောကျပလား (ကျပါပြီ) ဒါဖြင့် နောက်ကဟာတွေ ဘာဆိုကြမယ် (ဒုက္ခသစ္စာ) ဒုက္ခသစ္စာချည်းပဲဆိုတော့၊ ခင်ဗျားတို့ ဒါလဲ ဒုက္ခသစ္စာ (မှန်ပါ့)။

ဒီတဏှာဘယ်ကလာပါလိမ့်မလဲ (ဝေဒနာကလာ) အင်း ဝေဒနာကအကြောင်း သမုဒယ၊ တဏှာကဒုက္ခ၊ ဒါဖြင့် ဒီဘက်ကဒုက္ခချည်းပေါ့၊

ကဲ - ဒကာသိုက်ရေ ကြည့်ပါဦး၊ ဝေဒနာဘယ်ကလာပါလိမ့် (ဖဿကလာပါတယ်) ဖဿကလာတယ်ဆိုတော့ ရှင်းကြပလား (ရှင်းပါပြီ) ဖဿက သမုဒယသစ္စာ၊ ဝေဒနာက (ဒုက္ခသစ္စာ)

## သဠာယတနကလာတာ

ဒီဖဿဘယ်ကလာပါလိမ့်မတုံး - (သဠာယတနက လာတယ်) သဠာယတနဆိုတဲ့ ခြောက်ခုကလာတာ၊ မျက်စိ၊ နှာ ခေါင်း၊ နား၊ လျှာ၊ ကိုယ်၊ ရုပ်ငါးမျိုးရယ် စိတ်ကယ်ဆိုတော့ ခြောက်မနေဘူးလား။

သဠာယတန ပစ္စယာ (ဖဿော) အေးသဠာယတနက ဘာသစ္စာ သမုဒယသစ္စာ၊ ဖဿက - (ဒုက္ခသစ္စာပါ) ဩော် - ဒါတွေဟာ ဒုက္ခတွေလဲဖြစ်ပြီး ဒုက္ခသစ္စာလို့လဲသိပြီး နာလည်း နာရသေးတယ်။

ဒုက္ခသစ္စာလို့လဲသူကပြောမှာပဲ၊ နှလုံးသွင်းလိုက်လို့ရှိရင် ဒါတွေဟာ ဖြစ်ပျက်ပဲမဟုတ်လား၊ ဒုက္ခရောက်သွားတာပဲ မဟုတ်လား၊ နှလုံးသွင်းလိုက်တော့ဒါပဲ၊ ငါသေတာ၊ သူသေတာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘူး)

အင်းပရမတ်သေတာပဲ မဆိုနိုင်ဘူးလား - ဆိုနိုင်ပါတယ် ပရမတ်ပျောက်တာပဲ - ပေါ်ကြပလား - (ပေါ်ပါပြီ)

အဲဒီသဠာယတနဘယ်ကလာပါလိမ့် - (နာမရူပကလာ ပါတယ်) နာမ်ရုပ်ကလာတယ်ဆိုတာ သဘောကျပလား (ကျပါပြီ) နာမ်နဲ့ ရုပ်ရှိလို့ မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာတွေ ပေါ်တာပေါ့ဗျာ၊

## နာမ်ရုပ်ဘယ်ကလာပါလိမ့်

ဒီနာမ်ရုပ်ကဘယ်ကလာပါလိမ့် (ဝိညာဏ်ကလာတယ်) ပဋိသန္ဓေနေမိလို့ ဒါဖြင့် ဒကာဒကာမတို့ စဉ်းစားပါတဲ့၊ ဝိညာဏ ပစ္စယာ (နာမရူပံပါဘုရား) သဘောကျပလား (ကျပါပြီ)

ဒါဖြင့် ဝိညာဏ်ဆိုတာ 'စိတ်' နာမ်ရုပ်က 'စေတသိက်' ဖြစ်လို့ သဘောကျပလား (ကျပါပြီ) အဲဒါတွေသိပြီး သကာလ ဒကာဒကာမတွေထားပြန်တော့၊ ဩော် အစတည်းက ဒီဘဝ အစဒီက၊ ဝိညာဏ်ကစ ဒီဘဝအစ ဘယ်က - (ဝိညာဏ်ကစ) ဒီအထဲက ဒါတွေ ယောကျ်ားလေးလား မိန်းမလေးလား၊ ငါလား သူလား မေးစမ်း၊ ဘာပါလိမ့် (ဝိညာဏ်ပါ) ဝိညာဏ်ဆိုတဲ့စိတ်ပ ပဲ၊ သဘောကျပလား (ကျပါပြီ)။

## ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်တာ

ဒါဖြင့် ဝိညာဏ်ကြောင့်ဘာဖြစ်သလဲ (နာမ်ရုပ်ပါ) နာမ် ရုပ်ဖြစ်လာတော့ ဒီနာမ်ရုပ်ကလေးဟာ ငါ့သားကလေးလား ငါ့သမီးကလေးလား ငါပဲလား၊ (မဟုတ်ပါဘူး) မဟုတ်ရင် ဘာပါ လိမ့် (နာမ်ရုပ်ပါ) ဆိုတော့ ဒကာဒကာမတွေ ဒိဋ္ဌိက ကွာနေပြီ (မှန်ပါ့) မကွာဘူးလား (ကွာပါတယ်ဘုရား)။

အင်းဒိဋ္ဌိကကွာတယ်၊ ဝိစိကိစ္ဆာကလဲ သေနေတယ်၊

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တာ၊ ဒါ ဘယ်သူဖန်ဆင်းတာမှ မဟုတ်ဘူး၊ ရှင်းပလား (ရှင်းပါပြီ)။

နာမ်ရုပ်ဘယ်သူဖန်ဆင်းတာတုံး၊ ဘယ်သူဖန်ဆင်းတာမှ မဟုတ်ပါ ဘယ်သူမှ မဖန်ဆင်းဘူး၊ ဘယ်သူက ကျေးဇူးပြုသလဲ (ဝိညာဏ်ကကျေးဇူးပြုတယ်) ဝိညာဏ်ကကျေးဇူးပြုတယ်၊ သဘောကျပလား - (ကျပါပြီ)။

နာမရူပ ပစ္စယာ သဠာယတနာ ၊နာမ်ရုပ်ကြောင့်ဘာဖြစ် သတုံး. . . (သဠာယတနာ) ဘယ်သူက ဖန်ဆင်းသေးလဲ (မဖန် ဆင်းပါဘူး) နာမ်ရုပ်ကြောင့် သဠာယတနာဖြစ်တာပဲရှိတာပဲ သဘောကျပလား (ကျပါပြီ) ဒါဖြင့် နာမ်ရုပ်က နာမ်ရုပ်ပဲ၊ သဠာ ယတနကလဲ ခြောက်ခုပဲ၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)။

အဲဒါတွေဆိုနိုင်တော့ ဒီအထဲ ငါသူတစ်ပါး ယောကျ်ား မိန်းမ - (မပါပါဘုရား) ဒိဋ္ဌိလဲကွာပြီ။

ဒါဖြင့်ခင်ဗျားတို့တရားနာမှုရှိတယ်ဆိုတာလဲ သေချာပြီ၊ ပဋိစ္စသမုပ္ပါဒ်ကြီးကိုလဲ ရမှုဆိုတာကော (သေချာပါပြီ) နှုတ်ထဲမရ လား (ရပါတယ်)၊ ရှင်းပလား (ရှင်းပါပြီ)။

**ဒီနေ့ ဒီတွင်တော်ကြဦးစို့။**

**သာဓု. . . သာဓု. . . သာဓု. . . ။**